
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

# လူငယ်လေးကို ယေရှုကျန်းမာစေခြင်း 3.13

## မာကု ၉

ယေရှုဟာ သူ့တပည့်သုံးယောက်နဲ့အတူ တောင်ပေါ်မှာရှိနေတယ်။ "ဤသူဟာ ငါ့ချစ်သားဖြစ်တယ်၊ သူ့စကားကို နားထောင်ပါ" လို့ ဘုရားသခင်ရဲ့အသံတော်ကို သူတို့ကြားရတာဟာ သူတို့အတွက် တန်ဖိုးရှိတဲ့အချိန်ဖြစ်တယ်။ သူတို့တွေ တောင်အောက်ကို ပြန်ဆင်းလာကြတယ်။ ယေရှုအားဖြင့်ပြုမယ့် ဘုရားသခင်ရဲ့အမှုတော်တွေ ရှိသေးတယ်။

တောင်အောက်ကိုရောက်တဲ့အခါ ယေရှုဟာအခြားတပည့်တော်တွေကိုလည်း တွေ့ရတယ်။ သူ့ပတ်ဝန်းကျင်မှာ လူအုပ်ကြီးဖြစ်လာတယ်။ အဲဒီနေရာမှာ ကျမ်းပြုဆရာတွေလည်းရှိတယ်။ သူတို့ဟာ ဖြစ်ပျက်သမျှကိုရေးမှတ်တဲ့သူတွေဖြစ်တယ်။ သူတို့ဟာ သူတို့အလုပ်နဲ့ အမြဲအချိန်ကုန်နေသူတွေဖြစ်တယ်။ လူတွေဟာ ယေရှုကိုမြင်တဲ့အခါ သူ့ကိုနှုတ်ဆက်ဖို့ အပြေးအလွှား ရောက်လာကြ တယ်။ "သူတို့ဘာကိုပြောနေကြတာလဲ?" လို့ ကျမ်းပြုဆရာတွေကို ယေရှုကမေးတယ်။

"ဆရာ ကျွန်တော့်မှာနတ်ဆိုးနှောင့်ယှက်ခံရတဲ့သားတစ်ယောက်ရှိတယ်။ သူစကားမပြောနိုင်အောင် ဝိညာဉ်ဆိုးကထိန်းချုပ်ထား တယ်။ မြေပေါ်မှာလှဲချစေပြီး၊ ပါးစပ်ကလည်းအမြှုပ်တွေထွက်လို့ ကိုယ်ခန္ဓာကိုပိန်ခြောက်စေတယ်။ ကိုယ်တော်ရဲ့တပည့်တော် တွေကို အကူအညီတောင်းပေမယ့် သူတို့လည်းမကူညီနိုင်ကြဘူး။" လို့ လူအုပ်ထဲက လူတစ်ယောက်က ပြန်ဖြေတယ်။

"ယုံကြည်ခြင်းမရှိတဲ့သူတွေ၊ သင်တို့နဲ့ဘယ်လောက်ထိ ငါနေရမလဲ?" လို့ တပည့်တော်တွေကို ယေရှုကပြောတယ်။ "ကလေးကို ခေါ်လာပါ" လို့ ဖခင်ကို ယေရှုကပြောတယ်။

သူငယ်ကို ယေရှုဆီခေါ်လာပြီး၊ ယေရှုအနားရောက်တဲ့အခါ နတ်ဆိုးက သူငယ်ကိုနှိပ်စက် တောင့်မာစေပါတယ်။ ဝိညာဉ်ဆိုးကသူငယ်ကိုတောင့်မာစေပြီး မြေပေါ်မှာလှဲချပါတယ်။ ပါးစပ်က အမြှုပ်တွေလည်း ထွက်လာတယ်။ ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ မြင်ကွင်းပဲဖြစ်ပါတယ်။ သူငယ်ခံစားနေတာ ဘယ်လောက်ကြာပြီလဲလို့ ဖခင်ကို ယေရှုကမေးပါတယ်။

"ကလေးအရွယ်ကတည်းက စဖြစ်တယ်။ သူငယ်ကို မီးထဲ၊ ရေထဲ ကိုယ့်ဟာကိုယ်လှဲချဖို့ နတ်ဆိုးက အကြိမ်ကြိမ်လုပ်ပါတယ်။ နတ်ဆိုးက သူ့ကိုသတ်ဖို့ အကြိမ်ကြိမ်ကြိုးစားတယ်။ အကယ်၍ ကိုယ်တော့်အနေနဲ့ တစုံတခုပြုနိုင်ရင် ကူညီမစပါ" လို့ ဖခင်က ပြောတယ်။

"အကယ်၍ပြုနိုင်သလားလို့သင်မေးတာကို ကြားမိတယ်၊ ငါ့ကိုယုံကြည်ကိုးစားသောသူဖြစ်ရင် အရာအားလုံးကို တတ်နိုင်တယ်" လို့ ဖခင်ဖြစ်သူကို ယေရှုက ပြန်ပြောလိုက်တယ်။

"ကျွန်ုပ်ယုံကြည်ပါတယ် ကိုယ်တော်၊ မယုံကြည်နိုင်တာကို မစတော်မူပါ" လို့ ဖခင်ဖြစ်သူဟာ ဝမ်းနည်းငိုကြွေးပြီး ချက်ချင်းပြန်ပြောပါတယ်။

စကားအ စေပြီး နားလေးစေတဲ့နတ်ဆိုးကို သူငယ်ဆီကနေ မောင်းထုတ်ပြီး၊ နောက်တစ်ခေါက် အနှောက်အယှက်မပေးဖို့ နတ်ဆိုးကို ယေရှုကအမိန့်ပေးပါတယ်။ နတ်ဆိုးထွက်သွားတဲ့အခါ သူငယ်ဟာ တုန်ခါပြီးမြေပေါ်မှာ လူးလိမ့်ပါတယ်။ နတ်ဆိုးထွက်သွားပြီး နောက်မှာ သူငယ်ဟာ ငြိမ်သက်သွားပါတယ်။ "သူသေသွားပြီ" လို့ လူတွေဟာ တစ်ယောက်နဲ့တယောက်ပြောနေကြတယ်။

သူငယ်ရဲ့လက်ကို ယေရှု ဆွဲထူလိုက်တယ်။ သူကျန်းမာသွားတယ်။

သူတို့တွေ ဘာ့ကြောင့် နတ်ဆိုးကိုမမောင်းထုတ်နိုင်ရတာလဲလို့ တပည့်တော်တွေက ယေရှုကိုမေးပါတယ်။ "ဒီလိုနတ်ဆိုးမျိုးဟာ အဖခမည်းတော်ဆီကို ဆုတောင်းခြင်းမှလွဲပြီး မထွက်နိုင်ဘူး" လို့ ယေရှုကပြန်ဖြေခဲ့တယ်။

သူတို့ဟာ အဲဒီနေရာကနေ ဂါလိလဲနယ်ဖက်ကို ဆက်ထွက်သွားကြတယ်။ တပည့်တော်တွေရဲ့အနာဂတ်ကို ပြင်ဆင်နိုင်ဖို့အတွက် သူတို့ကို ယေရှုအနေနဲ့ များစွာသင်ကြားပေးရမှာဖြစ်ပါတယ်။

## လူငယ်လေးကို ယေရှုကျန်းမာစေခြင်း - ဆရာလမ်းညွှန် 3.13

**မာကု ၉**

**အဓိကအချက်များ**

၁)  ခမည်းတော်ဘုရားကယေရှုကိုစကားပြောတာကို တပည့်တော်သုံးယောက်ကြားခဲ့ရတဲ့တောင်ပေါ်ကနေ ယေရှုပြန် ဆင်းလာခဲ့ တယ်။ တောင်အောက်ကိုရောက်တဲ့အခါ အခြားတပည့်တော်တွေနဲ့အတူလူအုပ်ကြီးကို ယေရှုမြင်ရတယ်။

၂) လူအုပ်ထဲမှာ သားအဖနှစ်ယောက်ရှိတယ်။ နတ်ဆိုးညှဉ်းဆဲခြင်းခံရတဲ့သား ဖြစ်တယ်။ သူ့ဖခင်က ယေရှုအနေနဲ့သူ့သားငယ်ကို ကျန်းမာခြင်းပေးစေလိုတယ်။

၃) သားငယ်ကိုသူ့ဆီခေါ်လာဖို့ ဖခင်ကိုယေရှုကပြောတယ်။ နတ်ဆိုးက သူငယ်ကို မြေပေါ်မှာလဲကျလူးလိမ့်စေတယ်။

၄) "အကယ်၍ ကိုယ်တော်တတ်နိုင်တယ်ဆိုရင်၊ ကျွန်တော့်သားကို ကူညီပါ" လို့ ဖခင်ကပြောတယ်။ "အကယ်၍ကိုယ်တော်တတ်နိုင် တယ်ဆိုရင်လို့သင်ပြောတဲ့အတိုင်း ငါ့ကိုယုံကြည်ကိုးစားရင် အရာအားလုံးတတ်နိုင်တယ်" လို့ ယေရှုကပြန်ပြောတယ်။ "ကျွန်ုပ် ယုံကြည်ပါတယ်၊ မယုံကြည်နိုင်တာကိုမစတော်မူပါ" လို့ ဖခင်က ပြန်ပြောတယ်။

၅) သူငယ်ကို လွတ်ခြင်းပေးဖို့ နတ်ဆိုးကို ယေရှုအမိန့်ပေးတယ်။ သူငယ်ဟာ လူသေလိုငြိမ်သက်သွားပေမယ့်၊ ယေရှုက သူငယ့်လက် ကိုဆွဲထူလိုက်တယ်။ သူကျန်းမာသွားတယ်။

**မေးခွန်းများ**

၁) လူအုပ်ထဲမှာ သားအဖနှစ်ယောက်ရှိတယ်။ ဖခင်ဟာ ယေရှုဆီက ဘာလိုချင်တာလဲ?

၂) သူငယ်က ဘာဖြစ်နေတာလဲ?

၃) ဖခင်က ယေရှုကို ဘာပြောခဲ့သလဲ?

၄) ယေရှုက ဖခင်ဖြစ်သူကို ဘယ်လိုတုံ့ပြန်ခဲ့သလဲ?

၅) နတ်ဆိုးထွက်သွားဖို့ ယေရှုအမိန့်ပေးလိုက်တဲ့အခါ သူငယ်ဘာဆက်ဖြစ်သွားလဲ?

**အဖြေများ**

၁) လူအုပ်ထဲကဖခင်က ယေရှုအနေနဲ့ သူ့သားကို ကျန်းမာခြင်းပေးစေလိုပါတယ်။

၂) သူငယ်ဟာ နတ်ဆိုးညှဉ်းဆဲခြင်းခံထားရပါတယ်။

၃) "အကယ်၍ကိုယ်တော်တတ်နိုင်တယ်ဆိုရင် ကျွန်တော့်သားကိုကူညီပါ" လို့ ဖခင်က ပြောပါတယ်။

၄) "အကယ်၍ကိုယ်တော်တတ်နိုင်တယ်ဆိုရင်လို့ သင်ပြောတဲ့အတိုင်း ငါ့ကိုယုံကြည်ကိုးစားသူဟာ အရာအားလုံးကိုတတ်နိုင်တယ်" လို့ ယေရှုပြန်ပြောခဲ့ပါတယ်။

၅) နတ်ဆိုးထွက်သွားတဲ့အခါ သူငယ်ဟာ လူသေလိုငြိမ်သက်သွားပါတယ်။ ဒါပေမယ့် ယေရှုကသူ့လက်ကနေ ဆွဲထူလိုက်တယ်။ သူ ကျန်းမာသွားပါတယ်။


Kids of Destiny
Reaching the Next Generation